ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁ ၊ အမှတ် ၈ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်မှ ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခြင်း။




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာကုန်တင်ကုန်ချဆိပ်ကမ်းတို့တွင် အကောက်ခွန်ကုန်ပစ္စည်းများစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဩဝါဒအမှာစကားပြောကြားစဉ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ၁၁-၁၁-၂၀၂၅ ရက်နေ့ (၀၉:၀၀) နာရီချိန်တွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းများဖြစ်သော MIP ၊ YIGT ၊ AIPT ၊ ဆူးလေအမှတ်(၅)ဆိပ်ကမ်း ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ လေဆိပ်သွင်းကုန်၊ လေဆိပ်(OSS) တို့တွင် အကောက်ခွန်ကုန်ပစ္စည်းများစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကိုမှာကြားခဲ့ပါသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ၁၂:၃၀ နာရီချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၀)ဦးအား ဩဝါဒအမှာစကား ပြောကြားခဲ့ပြီး ၁၂-၁၁-၂၀၂၅ ရက်နေ့ (၀၇:၀၀) နာရီအချိန်တွင် ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

# အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံ နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့် မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ်အတည်ပြုခြင်း (Joint Validation) သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များကို ညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံခြင်း။




**ညစာစားပွဲသို့ တက်ရောက်လာကြသည့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် AEO အသိအမှတ်ပြုထားသည့် ကုမ္ပဏီများမှတာဝန်ရှိသူများ ညစာစားပွဲအခမ်းအနားတွင် မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးစဉ်။**

အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား ကြိုဆိုသောအားဖြင့် ၆-၁၁-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်လမ်းပေါ်ရှိ CHATRIUM HOTEL ၌ Welcome Dinner အားကျင်းပခဲ့ပါသည်။ ညစာစားပွဲအခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား ကြိုဆိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

ညစာစားပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် AEO အသိအမှတ်ပြုထားသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်မှူး ၊ အလုပ်သင်ဒု-အကောက်ခွန်မှူး ၊ အငယ်တန်းစာရေး ၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး နှင့် အကောက်ခွန်ထိန်းရာထူးများအတွက် ရေးဖြေစာမေးပွဲကျင်းပ။



**အကောက်ခွန်မှူး ၊ အလုပ်သင်ဒု-အကောက်ခွန်မှူး ၊ အငယ်တန်းစာရေး ၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး နှင့် အကောက်ခွန်ထိန်းရာထူးများအတွက် ရေးဖြေစာမေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ လာရောက်ကြည့်ရှု စစ်ဆေးစဉ်။**

၂၉-၁၁-၂၀၂၅ ရက်နေ့ နံနက် (၀၉:၀၀) နာရီမှ နေ့လည် (၁၅:၀၀) နာရီအချိန်တွင် အ.ထ.က (၆) ဗိုလ်တထောင်ကျောင်းတွင် ဖြေဆိုသူ အကောက်ခွန်မှူး (၁၅) ဦး၊ အလုပ်သင်ဒု-အကောက်ခွန်မှူး (၂၉၂) ဦး၊ အငယ်တန်းစာရေး (၃၄) ဦး၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၄) ဦး၊ အကောက်ခွန်ထိန်း (၁၆၈) ဦး၊ စုစုပေါင်း (၅၂၃) ဦးတို့အား ရေးဖြေစာမေးပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

# သံဖြူမဟာမြိုင်ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတ မထေရ်မြတ်ကြီးမှ အန္တရာယ်ကင်းပရိတ်တော်အား ရွတ်ဖတ်ပူဇော်ပွဲကျင်းပ။





အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌သံဖြူမဟာမြိုင်ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတမထေရ်မြတ်ကြီးမှ အန္တရာယ်ကင်းပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲအားညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်ကျင်းပစဉ်။

အကောက်ခွန်ဦးစီးဌာန၊ ၈.၁၁.၂၀၂၅ ရက်နေ့တွင် သံဖြူမဟာမြိုင်ချောင်းဖျားတောရဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတမထေရ်မြတ်ကြီးမှ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ အန္တရာယ်ကင်းပရိတ်တော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့်ဇနီးမှ ဦးဆောင်၍ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တရားတော်နာတက်ရောက်ခဲ့ပါသည်။

# မြန်မာ့အကောက်ခွန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အမျိုးသားဆောက်လုပ်ရေး မူဝါဒဆိုင်ရာဌာနမှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခြင်း။



မြန်မာ့အကောက်ခွန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အမျိုးသားဆောက်လုပ်ရေးမူဝါဒဆိုင်ရာဌာန ကိုယ်စားလှယ်အဖွဲ့များနှင့်အကောက်ခွန်လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားပြီး ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးစဉ်။

မြန်မာ့အကောက်ခွန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အမျိုးသားဆောက်လုပ်ရေး မူဝါဒဆိုင်ရာဌာနမှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခြင်းအား ၂၁-၁၁-၂၀၂၅ ရက်နေ့ ၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ အစည်းအဝေးခန်းမ (၁) ၌ ဆောင်ရွက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အမျိုးသားဆောက်လုပ်ရေးမူဝါဒဆိုင်ရာဌာနမှ ဌာနအကြီးအကဲ မစ္စတာအလက်ဇန်းဒါးမောလ် ဦးဆောင်သော ကိုယ်စားလှယ် (၃) ဦးနှင့် မြန်မာ့အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးခြင်းတွင် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အမျိုးသားဆောက်လုပ်ရေးမူဝါဒဆိုင်ရာဌာန ကိုယ်စားလှယ်အဖွဲ့များမှ မိတ်ဆက်စကား ပြောကြားခြင်း၊ ပထမအကြိမ် မြန်မာ-ရုရှားဆောက်လုပ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပနိုင်ရေးအတွက် အကောက်ခွန်လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးခြင်းအား နံနက်(၁၁:၄၅) နာရီအချိန်တွင်ရုပ်သိမ်းခဲ့ပြီး ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊တရားမဝင်မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့်စပ်လျဉ်း၍ မြန်မာ့အကောက်ခွန်နှင့် ကိုးရီးယား အကောက်ခွန်တို့အကြား နှစ်နိုင်ငံအကောက်ခွန်ဌာနများ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခြင်း။



**အကောက်ခွန်ဦးစီးဌာန၊ တရားမဝင်မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင် မည့်နယ်ပယ်များ နှင့်စပ်လျဉ်း၍ မြန်မာ့အကောက်ခွန်နှင့် ကိုးရီးယားအကောက်ခွန်တို့အကြား နှစ်နိုင်ငံအကောက်ခွန်ဌာနများ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ ဆွေးနွေးခြင်းအခမ်းအနားတွင် မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။**

မြန်မာ့အကောက်ခွန်နှင့်ကိုးရီးယားအကောက်ခွန်တို့အကြား တွေ့ဆုံဆွေးနွေးခြင်းအား ၁၈-၁၁-၂၀၂၅ ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ အစည်းအဝေးခန်းမ (၁) ၌ ဆောင်ရွက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ ကိုရီးယားအကောက်ခွန်၊ အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Moon-ki, CHOI ၊ ဒုတိယညွှန်ကြားရေးမှူး Mr. Jun-hyoung, KIM ၊ အကောက်ခွန် စစ်ဆေးရေးအရာရှိ Mr. Yeung-mo, GU နှင့် မြန်မာအကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များမှ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးခြင်းတွင်အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားခြင်း၊ ကိုရီးယားအကောက်ခွန်၊ အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Moon-ki, CHOI မှ မိတ်ဆက်စကားပြောကြားခြင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ မြန်မာအကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်နေမှု အခြေအနေများအား စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကောက်ခွန်ဌာနများအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြား၍ တွေ့ဆုံဆွေးနွေး ခြင်းအားနံနက်(၁၁:၁၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပြီး နှစ်နိုင်ငံအကောက်ခွန်ဌာနများ အကြားအပြန်အလှန် အမှတ်တရလက်ဆောင်များပေးအပ်၍ ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။

## အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များ ပါဝင်သည့် မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ်အတည်ပြုခြင်း (Joint Validation) ဆောင်ရွက်ခြင်း။




**အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့် မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ်အတည်ပြုခြင်းအခမ်းအနားတွင် မြန်မာ့အကောက်ခွန်မှ အရာထမ်းများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် UPG Paint & Coating Co., Ltd မှ ဝန်ထမ်းများ စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးစဉ်။**

အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့် မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ်အတည်ပြုခြင်း (Joint Validation) ကို မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၌ လက်ခံကျင်းပနိုင်ရန်အတွက် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သော (၃၄)ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် ဆွေးနွေးသဘောတူခဲ့ကြပါသည်။

အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်းအစီအစဉ် (ASEAN Authorized Economic Operator Mutual Recognition Arrangement- AAMRA) ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့် မြေပြင်ကွင်းဆင်းပူးပေါင်းအကဲဖြတ်အတည်ပြုခြင်း (Joint Validation) ကို အခြားအာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ၆-၁၁-၂၀၂၅ ရက်နေ့နှင့် ၇-၁၁-၂၀၂၅ ရက်နေ့တို့တွင် လက်ခံကျင်းပခဲ့ပါသည်။



**အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့နှင့် အကောက်ခွန်အရာထမ်းများပါဝင်သော၊ မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ်အတည်ပြုခြင်း (Joint Validation) ဆောင်ရွက်ခြင်းမှ ကိုယ်စားလှယ်များများသည် UPG Paint & Coating Co., Ltd ၏ စက်ရုံသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ်။**

Joint Validation ကို မြန်မာနိုင်ငံမှ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operator- AEO) အဖြစ် အသိအမှတ်ပြုထားသော ကုမ္ပဏီများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာစက်မှုဇုန်ရှိ UPG Paint & Coating Co.,Ltd နှင့် သီလဝါဖွံ့ဖြိုးတိုးတက်ရေးဇုန်ရှိ Wilmar Myanmar Riceland Limited တို့တွင် မြန်မာ့အကောက်ခွန်နှင့် အာဆီယံနိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် စင်္ကာပူနိုင်ငံတို့မှ အကောက်ခွန်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့တို့က မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ် အတည်ပြုခြင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုထားသည့် လုပ်ငန်းစဉ်များသည် WCO Guideline များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွင်းဆက်လုံခြုံရေး အစီအမံများကို ကျင့်သုံးဆောင်ရွက်ထားခြင်းရှိ/မရှိစသည့် အစီအမံများကို စိစစ်အကဲဖြတ်ခြင်းဖြစ်ပါသည်။

မြန်မာ့အကောက်ခွန်အနေဖြင့် မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ် အတည်ပြုခြင်း (Joint Validation) ကို အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်သဖြင့် အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်းအစီအစဉ် (AAMRA) ကို လာမည့်ဒီဇင်ဘာလတွင် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။



**အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့နှင့် အကောက်ခွန်အရာထမ်းများ ပါဝင်သော၊ မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ်အတည်ပြုခြင်း (Joint Validation) ဆောင်ရွက်ခြင်း မှ ကိုယ်စားလှယ်များသည် လုံခြုံရေးစနစ် ကောင်းမွန်မှု ရှိမရှိ လိုက်လံစစ်ဆေးစဉ်**

Joint Validation ဆောင်ရွက်ပြီးဖြစ်သည့် ကုမ္ပဏီ (၂)ခုအား AEO ဆိုင်ရာစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ ပူးပေါင်းအကဲဖြတ် သုံးသပ်ခြင်း (Joint Assessment) ကို ၇-၁၁-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ပူးပေါင်းအကဲဖြတ် အတည်ပြုချက်အရ မြန်မာနိုင်ငံ၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ငန်းစဉ်များသည် WCO SAFE Framework တွင်ဖော်ပြထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်းနှင့် မြေပြင်ကွင်းဆင်း ပူးပေါင်းအကဲဖြတ် အတည်ပြုခဲ့သည့် UPG Paint & Coating Co.,Ltd နှင့် Wilmar Myanmar Riceland Limited တို့သည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၁) အသိအမှတ်ပြု ကုမ္ပဏီများဖြစ်သော်လည်း လုပ်ငန်းထိန်းချုပ်မှုစနစ်များနှင့် လုပ်ထုံးလုပ်နည်း များမှာ WCO SAFE Framework နှင့်အညီ ဆောင်ရွက်ထားရှိမှုကို စိစစ်တွေ့ရှိရပါသဖြင့် အဆိုပါ ကုမ္ပဏီ (၂) ခု၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၁) သက်တမ်း (၆) လ ပြည့်ချိန်တွင် ကုမ္ပဏီများ၏လျှောက်ထားချက်အရ မြန်မာ့အကောက်ခွန်ဦးစီးဌာနမှ ကျေနပ်လက်ခံမှုရှိလျှင် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (အဆင့်-၂) အဖြစ် အလားအလာရှိသည့် ကုမ္ပဏီများဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။

# လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် (၄၃) ကြိမ်မြောက် အကောက်ခွန်ဆိုင်ရာညှိနှိုင်းရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခြင်း။




**လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် (၄၃) ကြိမ်မြောက် အာဆီယံအကောက်ခွန်ဆိုင်ရာညှိနှိုင်းရေးကော်မတီအစည်းအဝေးသို့ မြန်မာအကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး ကိုယ်စားလှယ်အဖြစ်တက်ရောက်စဉ်။**

(၄၃) ကြိမ်မြောက် အာဆီယံအကောက်ခွန်ဆိုင်ရာညှိနှိုင်းရေးကော်မတီ အစည်းအဝေးအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့ရာ ယင်းအစည်းအဝေးသို့ မြန်မာ့အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဒေသတွင်းအဆင့်၌ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် အာဆီယံအကောက်ခွန်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းဆောင်ရွက်ချက်များ ညှိနှိုင်းတိုးမြှင့်လုပ်ဆောင်ရန်၊ နိုင်ငံတော်အဆင့်၌ ဒေသတွင်းအစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှု အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန်၊ အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးတွင် ထိရောက်သော ဆုံးဖြတ်ချက်များပေါ်ထွက်လာစေရေး အထောက်အကူပြုဆောင်ရွက်ရန်၊ အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်နှင့် အာဆီယံမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် အိမ်ရှင်လာအိုအကောက်ခွန်နှင့် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဘရူနိုင်းဒါရူဆလမ်တော်ဝင်အကောက်ခွန်တို့မှ အမှာစကားပြောကြားခြင်း၊ အဆင့်အခြားအစည်းအဝေးများမှ အာဆီယံအကောက်ခွန်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် သက်ဆိုင်သည့် ကောက်နုတ်ချက်များအား သိရှိနိုင်ရန်တင်ပြခြင်း၊ CCC ၏ တိုးတက်မှုအစီရင်ခံစာအား ဆွေးနွေးခြင်း၊ CPTFWG ၏ တိုးတက်မှု အစီရင်ခံစာ၊ CECWG ၏ တိုးတက်မှုအစီရင်ခံစာ၊ CCBWG ၏ တိုးတက်မှု အစီရင်ခံစာ၊ ASWSC နှင့် ယင်း၏ လုပ်ငန်းအဖွဲ့များကတင်ပြသည့် တိုးတက်မှုအစီရင်ခံစာများအား ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

## အာဆီယံအကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်းစနစ် (ASEAN Customs Transit System – ACTS) အသုံးပြုခြင်းဆိုင်ရာ Awareness Session ဆောင်ရွက်ခဲ့မှု




**ASEAN Customs Transit System - ACTS အသုံးပြုခြင်းဆိုင်ရာ Awareness and Training သို့ တက်ရောက်ခဲ့သော မှတ်တမ်းဓါတ်ပုံ**

မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ACTS First Movement အား အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ACTS စနစ်အသုံးပြု၍ ကုန်စည်များကို နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်ကြမည့် Principal Trader များအတွက် မြေပြင်တွင် လက်တွေ့ကျင့်သုံးမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အကောက်ခွန်ဦးစီးဌာနမှ ဦးဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီးတို့မှ အာဆီယံအကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်းစနစ် (ASEAN Customs Transit System - ACTS) အသုံးပြုခြင်းဆိုင်ရာ Awareness and Training အား ၂၅-၁၁-၂၀၂၅ ရက် (အင်္ဂါနေ့) တွင် UMFCCI စတုတ္ထအထပ်၊ အစည်းအဝေးခန်းမ (၄၀၄) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ASEAN Customs Transit System - ACTS အသုံးပြုခြင်းဆိုင်ရာ Awareness and Training သို့ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ (၁) ဦး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှ (၁) ဦး၊ မြန်မာ့အာမခံလုပ်ငန်းမှ (၂) ဦး၊ အကောက်ခွန်ဦးစီးဌာနမှ (၇) ဦး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ (၁) ဦး၊ ကုန်သွယ်ရေးဦးစီးဌာနမှ (၁) ဦး၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီးမှ (၂) ဦး၊ Guarantor အဖြစ်ဆောင်ရွက်မည့် AD ဘဏ်များမှ (၁၅) ဦး၊ UMFCCI မှ (၁၀) ဦး၊ MIFFA မှ(၁၆) ဦး၊ MCBA မှ (၆) ဦး၊ MCTA မှ (၃) ဦး၊ MTLF မှ (၂) ဦး၊ MMMDA မှ (၁) ဦး နှင့် မြဝတီနှင့် တာချီလိတ်တို့မှ Online ဖြင့် တက်ရောက်သူ (၆) ဦး၊ စုစုပေါင်း (၇၄) ဦး တက်ရောက်ခဲ့ကြပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၉,၈၈၃.၂၄၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၄၉၉ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၃၉,၈၈၃.၂၄၅ ) သန်း ဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**



၂-၁၁-၂၀၂၅ ရက်နေ့ ၂၀:၁၅ နာရီအချိန်တွင် လေယာဉ်ခရီးစဉ်အမှတ် 8M-802/SF-10354 ဖြင့် ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသော ခရီးသည်၏ Hand Carry အိတ်အားအကောက်ခွန်ကောင်တာ၌ ပိုင်ရှင်၏ရှေ့မှောက်တွင် အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးရာ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော iPhone 17 Pro Max (256) GB (38U) အပါအဝင် စုစုပေါင်းပစ္စည်း (၂) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၉၁,၅၇၀,၂၆၅/-) (ကျပ် တစ်ထောင် ကိုးရာတစ်ဆယ့်ငါးသိန်းခုနစ်ထောင့်နှစ်ရာခြောက်ဆယ့်ငါးတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၄-ကကဖ (လဆ)၂၀၂၅(၁၇၃) (၂-၁၁-၂၀၂၅) ဖြင့် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၉,၈၈၃.၂၄၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၈-၁၁-၂၀၂၅ ရက်နေ့တွင် ကော့သောင်းမြို့ မှ ရန်ကုန်မြို့ မုတ္တမ (လိုင်သာယာ) ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်သော MV. ZWE AYAR ရေယာဉ်အား ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) နှင့် သွင်းကုန်ကြေညာလွှာ (၄) စောင်ဖြင့် ဖော်ပြကြေညာထားသည့် ကိုက်ညီမှန်ကန်သော လူသုံးကုန်ပစ္စည်းများအား ထုတ်ပေးခဲ့ပြီး ကုန်ပါစာရင်းချုပ် (Manifest) တွင် ဖော်ပြကြေညာထားခြင်းမရှိသော PESTICDES (GIBBERELLIC ACID 20% SP), (25 KG), (160) PKG, 4000 KG, C/O - NOT FOUND ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၈,၁၀၀,၀၀၀/-) (ကျပ် တစ်ထောင် နှစ်ရာရှစ်ဆယ်တစ်သိန်း တိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ရက/၂၀၂၅(ဂ၄၅-တ) (၁၃-၁၁-၂၀၂၅) ဖြင့် အမှုတွဲဖွင့်လှစ်၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ‌နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၉,၈၈၃.၂၄၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




၂၂-၁၁-၂၀၂၅ ရက်နေ့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၊ စခန်းတာဝန်ခံဦးစီး၍ OSS အဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များသည် စစ်တောင်းတံတားအသစ်နှင့် ညောင်ခါးရှည် မူးယစ် X-Ray အကြား ယာဉ်များကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်အမှတ်၊ 5E/7701 (6W) ယာဉ်အား (၁၇:၄၅) အချိန်၌ ဝင်းရတနာ ဆီဆိုင်ဝန်းအတွင်း ရပ်တန့်စေ၍ စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Medicine (Cefixime and Clavulanate Potassium Tablets) (10x1x10 Tablets), Brand- DECLAV 325, CO-India, 1500 Boxes, အပါအဝင် ဆေး(၃)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၉၇,၅၀၀,၀၀၀/-) (ကျပ် နှစ်ထောင့် ကိုးရာခုနစ်ဆယ့်ငါးသိန်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-ပခ (ညခရ)/ ၂၀၂၅(၁၂၁)(၂၄-၁၁-၂၀၂၅) ဖြင့်အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၉,၈၈၃.၂၄၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၂၁-၁၁-၂၀၂၅ ရက်နေ့တွင် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် မန္တလေးစာတိုက်ကြီး၌ တာဝန်ထမ်းဆောင်နေစဉ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၄/မအန(နိုင်) ၀၀၃၅၆၇ ကိုင်ဆောင်သူ ဒေါ်ပပမင်း သည် တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်းလာသည့် Starlink Mini Kit, Model-UTA-231, Oman- TRA, D 233497, TRA/TA-R/19152/24, Power Supply-UTP-231L/UTP-231P, (C/O-USA) (1) U, စုစုပေါင်းခန့်မှန်းတန်ဖိုး(၃,၁၅၀,၀၀၀/-) (ကျပ် သုံးဆယ့်တစ်သိန်းငါးသောင်းတိတိ) ခန့်အား အမှုတွဲအမှတ်၊ ၁၁-မလ/၂၀၂၅ (စာတိုက်) (၀၀၂) (၂၁-၁၁-၂၀၂၅) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၉,၈၈၃.၂၄၅ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၂၃-၁၁-၂၀၂၅ ရက်နေ့ (၂၁:၅၀)နာရီ အချိန်ခန့်တွင် အိန္ဒိယနိုင်ငံသားခရီးသည် Mr. Muhamed TajuDeen (PP.No- 6924384) သည် MAI Airlines ၊ လေယာဉ်ခရီးစဉ်အမှတ် 8M-608/ SF-11177 ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အား Air Side Area – 4 ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit–A အကောက်ခွန်ကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက် တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသော အိန္ဒိယနိုင်ငံထုတ်ဆေးဝါး (၁၀) မျိုး (875U), စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၅,၃၃၄,၀၅၀/-) (ကျပ် နှစ်ရာငါးဆယ့်သုံးသိန်း သုံးသောင်းလေးထောင် ငါးဆယ် တိတိ) ခန့်အား အမှုတွဲအမှတ်၊ ၄-ကက(လဆ)/